**၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းအား ပြင်ပစာရင်းစစ်မှ Disclaimer of Opinion ဖြင့် ထုတ်ပြန်ခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးရှင်းတမ်းများ နှင့် ပတ်သက်၍ ၄-၁၁-၂၀၂၄ ရက်စွဲပါ ပြင်ပစာရင်းစစ် အစီရင်ခံစာတွင် Disclaimer of Opinion ပါဝင်ကြောင်း အသိပေး တင်ပြလိုပါသည်။

Disclaimer of Opinion မှတ်ချက်အား စာရင်းစစ်အစီရင်ခံစာတွင် တင်ပြထားပြီး အကြောင်းရင်းမှာ လက်အောက်ခံကုမ္ပဏီတစ်ခု၏ စာရင်းစစ်အစီရင်ခံစာ မပြီးပြတ်သေးသည့်အတွက် ကုမ္ပဏီ၏ ပြင်ပစာရင်းစစ် အနေဖြင့် ယခုကဲ့သို့ Disclaimer of Opinion ဖြင့် ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကုမ္ပဏီအနေဖြင့် ဘဏ္ဍာရေးရှင်းတမ်းများအား ထုတ်ပြန်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ခဲ့ပါသည်။

Disclaimer of Opinion ဖြင့်ထုတ်ပြန်ခြင်းဖြစ်သော်လည်း ကုမ္ပဏီနှင့် လက်အောက်ခံကုမ္ပဏီများသည် လုပ်ငန်းဆက်လက် လည်ပတ်နိုင်စွမ်း (going concern) ရှိပါကြောင်း နှင့် ဘဏ္ဍာရေးအစီရင်ခံစာများတင်ပြချက်အပေါ် ထိခိုက်မှုမရှိပါကြောင်း ဒါရိုက်တာအဖွဲ့ဝင်များက တင်ပြအပ်ပါသည်။

ကုမ္ပဏီ၏ ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံအား ဤကြေညာချက်ပါ နေ့ရက်တွင် ထုတ်ပြန်ရန်ရှိသည့် နှစ်ပတ်လည်အစီရင်ခံစာတွင် လေ့လာဖတ်ရှုနိုင်ပါသည်။ အစုရှယ်ယာရှင်များအနေနှင့် ဤထုတ်ပြန်ချက်အား နှစ်ပတ်လည်အစီရင်ခံစာ နှင့် ပူးတွဲဖတ်ရှုရန် အကြံပြုပါသည်။

အဆိုပါကျန်ရှိသော လက်အောက်ခံကုမ္ပဏီ၏ စာရင်းစစ်အစီရင်ခံစာ ပြီးပြတ်သည့်အခါ နောက်ဆက်တွဲ အခြေအနေများအား ကုမ္ပဏီမှ ဆက်လက် ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင်အရာရှိချုပ်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၊ ၅ ရက်

**First Myanmar Investment Public Company Limited**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm